# နယ်စပ်ဖြတ်ကျော်လူငယ်များ E–ကုန်သွယ်မှုမြန်မာဘာသာသင်တန်းဖွင့်လှစ်

မကြာမီရက်ပိုင်းတွင် ကွန်မြူနစ်လူငယ်များအဖွဲ့ ရွှေလီမြို့ကော်မတီမှ ကြီးမှူးကျင်းပပြီး ယူနန်ပြည်နယ်လူငယ်များစွန့်ဦးတီထွင်မှုအသင်း ရွှေလီအသင်းခွဲနှင့်ရွှေလီမြို့ယဉ်ကျေးမှုစခန်းတို့မှ ပူးတွဲ၍ တာဝန်ယူကျင်းပသည့် ယူနန်ပြည်နယ်အတွင်း ပထမခုမြောက်သောနယ်စပ်ဖြတ်ကျော်လူငယ်များ E-ကုန်သွယ်မှု မြန်မာဘာသာသင်တန်းကို ရွှေလီမြို့တွင် ဖွင့်လှစ်ခဲ့သည်။ သင်တန်းသားဦးရေမှာ (၁၂၃) ဦးရှိသည်။

ယခုအကြိမ်သင်တန်းသည် လုံးဝအခမဲ့မွေးထုတ်ခြင်းဖြစ်သည်။ သင်တန်း၏သက်တမ်းကာလမှာ (၁)နှစ်ဖြစ်သည်။ သင်တန်းကို အဆင့်(၃)ဆင့်အဖြစ်ခွဲပြီး သင်ကြားပို့ချသွားမည် ဖြစ်သည်။ ပထမအဆင့်မှာ အခြေခံပညာသင်တန်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာဘာသာနှင့် နယ်စပ်ဖြတ်ကျော် E-ကုန်သွယ်မှုနှင့်သက်ဆိုင်ရာမူဝါဒ၊ ဥပဒေများကို ပို့ချပေးမည်ဖြစ်သည်။ ဒုတိယအဆင့်မှာ ကျွမ်းကျင်မှုပညာ၊ စီမံကိန်းရေးဆွဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုစသည့်ကျွမ်းကျင်မှုဆိုင်ရာဗဟုသုတများ ပို့ချသွားမည်ဖြစ်သည်။ တတိယ အဆင့်မှာ သင်တန်းသားများကို စည်းရုံး၍ ရွှေလီမြို့နယ်စပ်ဖြတ်ကျော် E-ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းတီထွင်ရေး ခြံရှိ လူငယ်များ မွေးထုတ်မှုစခန်းသို့ သွားရောက်ပြီး လက်တွေ့လေ့ကျင့်သွားမည်ဖြစ်သည်။ ယခုအကြိမ်မွေးထုတ်ရေးသင်တန်းဖွင့်လှစ်ခြင်းဖြင့် ကျွမ်းကျင်မှုပညာအရည်အချင်းပြည့်မီသော၊ မိမိ၏စိတ်ကူးမျှော်မှန်းချက်ကို ရဲရဲဝံ့ဝံ့ဖော်ဆောင်နိုင်သော၊ လက်တွေ့ကျကျလုပ်ကိုင်ဆောင်ရွက်ရဲသော နယ်စပ်ဖြတ်ကျော် E-ကုန်သွယ်မှုဆိုင်ရာ ကျွမ်းကျင်သူ လူငယ်တစ်သုတ် မွေးထုတ်ပေးနိုင်မည်ဟုမျှော်လင့်ထားသည်။

သတင်းစဉ် သတင်းထောက်
တုကျွင်း၊ ရန်ကျားလင်

## ကမ္ဘာတွင် ပထမဆုံးသောလူ့အားဖြင့်မွေးထုတ်နိုင်သည့် boletusမှိုစိုက်ပျိုးရေးစခန်းကိုကျင်ဟုန်တွင်တည်ဆောက်ပြီးစီး

ကမ္ဘာတွင် ပထမဆုံးသော လူ့အားဖြင့် မွေးထုတ်နိုင်သည့် boletus မှိုစိုက်ပျိုးရေးစခန်းဖြစ်သည့် ကျင်ဟုန်မြို့ ဟုန်ကျိန်းစိုက်ပျိုးရေးနည်းပညာကုမ္ပဏီလီမိတက်မှ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ထားသော ဇီဝနည်းပညာသုတေသနစင်တာနှင့် ရှားပါးစားသုံးမှိုများစိုက်ပျိုးရေးစခန်းသည် လက်ဆတ်သော boletus မှိုများကို စက်ရုံဖြင့် အသုတ်လိုက်ထုတ်လုပ်ထားသည်ကို ဖော်ဆောင်နိုင်ပြီဖြစ်သည်။

ကုမ္ပဏီရှိတာဝန်ခံ၏ မိတ်ဆက်ခြင်းအရ ကုမ္ပဏီအနေနှင့် အဆင့်မြင့်စားသုံးမှိုနှင့် မှိုထွက်ပစ္စည်း စီးရီးအား သုတေသနပြုမှု၊ ထုတ်လုပ်မှု၊ ရောင်းချမှုတို့ကို တစ်ပါတည်းဖော်ဆောင်နိုင်သည့် စိုက်ပျိုးရေးစခန်းကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကုမ္ပဏီမှ ထုတ်လုပ်ထားသော "ယူလင်ဝမ်" အမှတ်တံဆိပ် boletus မှိုသည် "တရုတ်အစိမ်းရောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကုန်ပစ္စည်း" အဖြစ် အသိအမှတ်ပြုခံခဲ့ရကြောင်း၊ လက်ရှိတွင် ယင်းကုမ္ပဏီ သည် တစ်နှစ်လျှင် အမည်း boletus မှိုပုလင်းပေါင်း (၂)သန်းစိုက်ပျိုးပြီး လတ်ဆတ်သော boletus မှိုတန်ချိန် (၁၆၀)ကို ထုတ်လုပ်ကာ ကုန်ထုတ်တန်ဖိုးကမာဏမှာ ယွမ်ငွေ (၁၂.၈)သန်းအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

ဓာတ်ပုံနှင့်ဆောင်းပါး- တိုက်ကျိန်ဟွာ




